

# စောဘဦးကြီး၏ ခေါင်းဆောင်မှု

မန်းဘဇန်



၁၉၄၅ ခု ဖွန်လ ညီလာခံမှာ ကေဒီအို အဖွဲ့ကို ဖွဲ့စည်းရာမှာ စောဘဦးကြီးဟာ ဗဟိုကော်မတီအဖြစ် ရွေးချယ်ခြင်း ခံရတယ်။ ၁၉၄၆ခု၊ ကေစီအို နှစ်ပတ်လည် အစည်းအဝေး ဆုံးဖြတ်ချက်အရ ဗြိတိန်ပြည်ကို ကရင် ချစ်ကြည်ရေး စေလွှတ်ရာမှာ အဖွဲ့ဝင် တစ်ဦးအဖြစ် ရွေးချယ်ခြင်း ခံရတယ်။ ၁၉၄၆ ခုနှစ်၊ မြန်မာပြည်မှာ နယ်ချဲ့ဆန့်ကျင်ရေး အထွေထွေသပိတ်ကြောင့် ဘုရင်ခံ ဆာဒေါ်မန်စမစ် အစိုးရ ပြုတ်ကျသွားပြီး ဆာဟူးဘရန့်စ်နဲ့ ဖဆပလ အဖွဲ့ကိုယ်စားလှယ်တွေပါဝင်တဲ့ အစိုးရ တက်လာတယ်။ အစိုးရအဖွဲ့မှာ စောဘဦးကြီးကို ဝန်ကြီးအဖြစ် ရွေးချယ်ခန့်ထားတယ်။

စောဘဦးကြီးဟာ ကရင်အမျိုးသားရေးမှာ ခေါင်းဆောင်တဦးဖြစ်ရုံသာမက မြန်မာပြည်ရေးမှာလည်း အရေးပါတဲ့ခေါင်းဆောင်တဦး ဖြစ်ပါတယ်။ ၁၉၄၇ ခုနှစ်မှာ ကျွန်ုပ်နှင့် စောဘဦးကြီးတို့ လက်တွဲပြီး အမျိုးသားရေးတာဝန်တွေ ထမ်းဆောင်လာခဲ့ ရတယ်။ အဲဒီနှစ်မှာ ကေအဲန်ယူအဖွဲ့မှ စောစံဖိုးသင်နဲ့ ကေဝိုင်အို အဖွဲ့ဝင် မန်းဘခိုင်၊ မန်းဝင်းမောင်၊ စောကျော်စိန်၊ စောစိန်တင်တို့ နှုတ်ထွက်သွားကြတယ်။ ကေအဲန်ယူ ဗဟိုကော်မတီအသစ်တခု ဖွဲ့စည်းဖို့ အရေးပေါ် ညီလာခံကျင်းပတဲ့အခါ စောဘဦးကြီးဟာ ဥက္ကဌ ဖြစ်လာပြီး ကျွန်ုပ်ဟာလည်း ကာကွယ်ရေးတာဝန်ခံ ဖြစ်လာခဲ့တယ်။ ကျွန်ုပ်နဲ့ စောဘဦးကြီးဟာ အတွေးအခေါ်၊ ခံယူချက်ခြင်းတူညီလို့ အလုပ်လုပ်ရာမှာ ညီညွတ်မှု၊ တိုးတက်မှုရှိခဲ့တယ်။ စောဘဦးကြီးကို ကျွန်ုပ်က ခင်မင် လေးစားတဲ့ ရဲဘော်ရဲဘက်အဖြစ် ခံယူဆက်ဆံသလို စောဘဦးကြီးကလည်း ကျွန်ုပ်ကို ခင်မင်လေးစားတဲ့ ရဲဘော်ရဲဘက် တိုက်ဖော်တိုက်ဘက်အဖြစ် ခံယူဆက်ဆံတယ်။

စောဘဦးကြီးဟာ မျက်မှောက်ခေတ်ရဲ့ တော်လှန်တဲ့ ကရင်အမျိုးသား ခေါင်းဆောင်ကြီး ဖြစ်တယ်။ ကမ္ဘာ့အမြင်ရှိတဲ့ ခေတ်ရဲ့ဖြစ်ပေါ်မှုကို သိကျွမ်းတဲ့ ပုဂ္ဂိုလ်လည်း ဖြစ်တယ်။ လူမျိုးပေါင်းစုံ ချစ်ကြည်ရေး စိတ်ဓါတ်၊ ဖိနှိပ်မှုနဲ့ သွေးစုပ်ချယ်လှယ်တဲ့ စိတ်ဓာတ်ကို ဆန့်ကျင်တဲ့စိတ်ဓာတ်လည်းရှိတယ်။ စောဘဦးကြီးဟာ စုပေါင်းခေါင်းဆောင်မှုနဲ့ ဒီမိုကရေစီဗဟိုချုပ်ကိုင်မှုစနစ် လိုက်စားခံယူသူ ဖြစ်တယ်။ အလုပ်လုပ်ရာမှာ သေနင်္ဂဗျူဟာအရ ခိုင်မာပြီး နည်းပရိယာယ်အရ ကြွယ်ဝပျော့ပြောင်းစွာ လုပ်ကိုင်သူဖြစ်တယ်။ ဆုံးဖြတ်ချက်ချရာမှာ အမှားအယွင်းမရှိရအောင် အာရုံစိုက်ပြီး စဉ်းစားဝေဖန် အကဲဖြတ် ဆုံးဖြတ်လေ့ရှိတယ်။ ကရင်အမျိုးသားရေးကို လက်ဖြန့်အသနားခံ တောင်း၍မရနိုင်ဘူး။ လက်နက်ကိုင်တိုက်ပွဲနဲ့သာ ရနိုင်တယ်ဆိုတဲ့ လေးနက်တဲ့ ခံယူချက်ရှိသူ ဖြစ်တယ်။ ပုဂ္ဂိုလ်ရေးခံယူချက်အပေါ်မှာ စံနမူနာထားလောက်တယ်။

ပညာတတ်ကျွမ်း၊ ဥစ္စာနေပေါကြွယ်ဝပြီး ရာထူးဂုဏ်ထူးတွေရှိပေမယ့် ဘဝင်မြင့်ခြင်းမရှိဘူး။ စောဘဦးကြီးရဲ့ ဝတ်စားဆင်ရင်။ နေထိုင်စားသောက်မှုတွေဟာ ထယ်ထယ်ဝါဝါမရှိဘူး၊ လူလတ်တန်းစားတယောက် အဆင့်မျိုးနဲ့ နေထိုင်တယ်။ ၁၉၄၈ ခုနှစ် နေ့တနေ့မှာ စောဘဦးကြီး၊ ကျွန်ုပ်နှင့် မန်းဂျိမ်းထွန်းအောင်၊ စောဟန်တာသာမွေးတို့ဟာ အမျိုးသား စည်းလုံးလှုံ့ဆော်ရေးအတွက် မြောင်းမြခရိုင်၊ လပွတ္တာမြို့နယ်၊ ထက်ပင်ကိုင်းကျေးရွာကို ရောက်ရှိသွားတယ်။ ကျွန်ုပ်တို့ ရောက်ရှိပြီး နောက်တနေ့မှာ ထိုဒေသတဝိုက်ရှိ လူထု အစည်းအဝေးတရပ်ပြုလုပ်တယ်။ အစည်းအဝေးမကျင်းပမီ ခေါင်းဆောင်တွေဟာ တည်းခိုအိမ်မှာ အစည်းအဝေးကျင်းပရာ မဏ္ဍပ်ကိုအသွားမှာ လူထုကြီးက တန်းစီပြီး ဖားစည်တီး၊ ပန်းကုန်းစွပ်ပြီး ဂုဏ်ပြုဖို့ စီစဉ်ထားတယ်။ လူထုက စောဘဦးကြီးကို ဘိလပ်ပြန် ဝတ်လုံတော်ရ ကရင်ခေါင်းဆောင်ကြီးအဖြစ် ဗြိတိသျှ ဘုရင်ခံများ ဝတ်စားသလို ခန့်ငြားစွာ ဝတ်စားလာမည်ဟု တင်မှတ်ကြတယ်။ ဒါပေမယ့် စောဘဦးကြီးဟာ ကာကီဘောင်းဘီတို၊ စပို့ရှပ်အင်္ကျီဝတ်ပြီး အစည်းအဝေးတက်လာတာကို တွေ့ရတဲ့အခါ အံ့သြသွားကြတယ်။

စောဘဦးကြီးဟာ ရိုးရိုးကျင့်၊ မြင့်မြင့်ကြံတတ်သူဖြစ်တယ်။ စိတ်နေသဘောထား ရိုးသားဖြူစင်တယ်။ လူသားတိုင်းကို အတန်းအစားမရွေး လူရယ်လို့ သဘောထားပြီး ဆက်ဆံတယ်။ ကိုယ်ချင်းစာစိတ်ရှိတယ်။ အမျိုးသားအတွက် တကယ်ကိုယ်ကျိုးစွန့်သူဖြစ်တယ်။ မိမိရဲ့ လယ်ယာအလုပ်သမားတွေအပေါ်

စာနာစိတ်ရှိတယ်။ လယ်လုပ်ခတွေကို လယ်ယာအလုပ်သမားတွေ ပေးနိုင်သလောက်သာယူတယ်။ လက်ယာ အလုပ်သမားတွေရဲ့ ခင်မင်ရင်းနှီးမှုကို ခံယူရရှိတယ်။ အမျိုးသားရေး လုပ်ငန်းလုပ်ရာမှာ အမျိုးသားရေး အာရုံ တခုတည်းထားရှိပြီး ခြေစုံပစ်လုပ်ကိုင်တယ်။
စောဘဦးကြီးဟာ မိမိရဲ့လေးနက်တဲ့ ခံယူချက်အတိုင်း ကရင်အမျိုးသားလွတ်မြောက်ရေးအတွက် မှန်ကန်မြတ်တရားတဲ့တော်လှန်ရေးကို ရှေ့ဆောင်ဖော်ထုတ်ခဲ့သူလည်း ဖြစ်တယ်။ တော်လှန်ရေးအပေါ်မှာ လေးနက်ပြတ်သားမှုနဲ့သစ္စာရှိတယ်။ တော်လှန်ရေးလုပ်ငန်းတွေကို အခက်အခဲတွေကြားက ရဲရင့်တည်ငြိမ် ပြတ်သားစွာ ရှေ့ဆောင်ခဲ့တယ်။

၁၉၄၉ ခုနှစ် ဇန်နဝါရီလ (၁၃ ) ရက်နေ့မှာ လက်နက်ကိုင်တော်လှန်ရေး စတင်လာပြီး၊ စောဘဦးကြီးဟာ ဗဟိုခေါင်းဆောင်တွေဖြစ်တဲ့ ကျွန်ုပ်၊ စောစိုင်းခေ၊ စကောမောလေး၊ စောဟန်တာသာမွေး မန်းဂျိမ်းထွန်းအောင်၊ စောဘယ်လီတို့နဲ့အတူ အင်းစိန်တိုက်ပွဲအတွင်း အခက်အခဲ ပြဿနာပေါင်း မြောင်များစွာကို ကြုံတွေ့ရပြီး တော်လှန်ရေးအတွေ့အကြုံ၊ အရည်အချင်းတွေရခဲ့တယ်။ အင်းစိန်တိုက်ပွဲဟာ ၁၉၄၉ ခု၊ မေလ (၂၅ ) ရက်နေ့ အထိ ရက်ပေါင်း (၁၁၁) ရက်အကြာမှာ အင်းစိန်မှ ဆုတ်ခွာခဲ့ရတယ်။ အင်းစိန်မှဆုတ်ခွာခဲ့ရာမှာ တော်လှန်ရေးဒဏ် မခံနိုင်တဲ့ မန်းဂျိမ်းထွန်းအောင်၊ စောဘယ်လီ၊ ဦးဇန်တို့ဟာ တော်လှန်ရေးကို ဆုတ်ခွာ သွားကြတယ်။ တော်လှန်ရေးမှာခေါင်းဆောင်ဘို့ စောဘဦကြီး၊ ကျွန်ုပ်၊ စောစိုင်ကေ၊ စောဟံတာသာမွေးနဲ့ စကောမောလေးတို့ ကျန်ခဲ့တယ်။ အင်းစိန်ကဆုတ်ခွာပြီး ကျွန်တော်တို့ဟာ အင်းစိန်ခရိုင် ထန်းတပင်မြို့နယ်က ကြာအင်းဖောင်းရွာကို ရောက်ကြလာတယ်။ အဲဒီရွာမှာ အစည်းဝေးလုပ်ပြီး ခေါင်းဆောင်တွေက တာဝန်ခွဲကြတယ်။ စောဘဦးကြီး၊ စောစိုင်ကေ၊ စကောမောလေးတို့ တောင်ငူကိုသွားရောက်ပြီး ဗဟိုလုပ်ငန်းတွေကို တာဝန်ယူလုပ်ဆောင်ဘို့နဲ့ ကျွန်ုပ်နဲ့ စောဟံတာသာမွေးတို့က မြစ်ဝကျွန်းပေါ်ဒေသမှာ တာဝန်ယူထမ်းဆောင်ဘို့ဖြစ်တယ်။ ၁၉၅၀ ခုနှစ်၊ ဩဂုတ် လ (၁၂) ရက်နေ့ဟာ ကရင်အမျိုးသားတွေအတွက် ဆုံးရှုံးမှုကြီးတခုဖြစ်တဲ့ ကြေကွဲဝမ်းနည်းဖွယ်ရာနေ့ဖြစ်တယ်။ အဲဒီနေ့မှာ ခေါင်းဆောင်ကြီးတွေဖြစ်တဲ့ စောဘဦးကြီးနဲ့ စောစိုင်ကေတို့ အပါအဝင်တစ်စုဟာ ကော့ကရိတ်မြို့နယ် ထိုကော့ကုံးရွာမှာ ရန်သူ့လက်ချက်နဲ့ ကရင်လွတ်မြောက်ရေးအတွက် အသက်စွန့်သွားခဲ့ရတယ်။ စောဘဦးကြီးဟာ အသက် ၄၅ နှစ်မှာ ကွယ်လွန်ခဲ့တယ်။ လက်နက်ကိုင် တော်လှန်ရေး တာဝန်ကို တနှစ်ကျော်လောက်သာ ထမ်းဆောင်သွား ရရှာတယ်။

စောဘဦးကြီးရဲ့ မှန်ကန်တဲ့ ရှေ့ဆောင်မှုကြောင့် မြတ်တရားတဲ့ ကရင်အမျိုးသား လွတ်မြောက်ရေးနဲ့ ဘဝ တိုးတက်မှုတော်လှန်ရေး ဖြစ်ပေါ်လာတယ်။ စောဘဦးကြီးဟာ မိမိအပေါ် ကျရောက်တဲ့ တာဝန်ကို ပြောင်မြောက် အောင်မြင်အောင် ထမ်းဆောင်ခဲ့သူလည်း ဖြစ်ပါတယ်။ ကရင့်တော်လှန်ရေးနဲ့ ကရင်အမျိုးသား လွတ်မြောက်ရေးကို စတင် ဖော်ထုတ်ပေးခဲ့သူ ဖြစ်တယ်။ သူ့ရဲ့ ရည်ရွယ်ချက် အလုံးစုံအောင်မြင်ရေး အတွက် ကျွန်ုပ်တို့ ဆက်လက်တိုက်ပွဲဝင်ကြ ရဦးမယ်ဖြစ်ကြောင်း တင်ပြလိုက်ရပါတယ်။

မန်းဘဇန်

(၁၉၇၅ ခုနှစ် ကရင်နှစ်သစ်ကူးနေ့တွင် KNဥ ဥက္ကဋ္ဌကြီး မန်းဘဇန် ပြောကြားသောမိန့်ခွန်းမှ ကောက်နုတ်ဖော်ပြပါသည်။ ထိုမိန့်ခွန်းအား "ဖူးကီးဒို" ရေးသားမှတ်တမ်းတင်သည့် "မန်းဘဇန်နှင့် ကရင့်တော်လှန်ရေး" စာအုပ်မှ ယူပါသည် - အယ်ဒီတာအဖွဲ့)